www.thitsarparamisociety.com



မြို့ထဲက ဆွမ်းကိစ္စတွေ ပြီးလို့ မြို့ပြင်ထွက်တဲ့ အခါကျတော့ နှစ်ဖာလုံလောက် အကွာမှာ ရှေ့က ဆီး၊ ရပ်ပါဦး ဘုရား-ရပ်ပါဦး ဘုရား ဦးတိုက်ရှိခိုး၊ မြို့မဝင်ခင်၊ ဆွမ်းခံမြို့မဝင်ခင်က၊ အရှင်ဘုရား ဣန္ဒြေ သိက္ခာမြင်တယ်၊ ဝမ်းထဲမှာ တရားရှိတယ်လို့ တပည့်တော် ယူဆတယ်။ အရှင်ဘုရား ဘယ်တရားတွေ အားထုတ်သလဲ၊ ခန္ဓာတို့ အာယတနတို့၊ ဓါတ်တို့၊ သစ္စာတို့ ပဋိစ္စသမုပ္ပါဒ်တရား တွေ ငါ အားထုတ်တယ်၊ အရှင်ဘုရားရဲ့ဆရာက ဘယ်သူလဲ၊ အဖ-ဂေါတမ မြတ်စွာဘုရား၊ ဆရာက ဘုရား ဖြစ်နေပြီ၊ အဲဒီလိုဆို တပည့်တော် တရားလေး နာစမ်းပါရစေ ဘုရား၊ ဟော ပေးစမ်းပါ၊ ငါရှင် တရား ဟောဖို့ရာ ငါ့ရဟန်းကိစ္စပြီးတာ။ ဒီနေ့မှ ခုနစ်ရက် မြောက်သွားပြီ၊ ဒီနေ့မှ ခုနစ်ရက်မြောက်သွားပြီ၊တဲ့ ရဟန်း ကိစ္စပြီးတာ သူ့အတွက်ကို ပြီးသွားပြီ၊ ဟောဖို့ရာ သုတက လိုသေးတယ်၊ ငါ အကျယ်တဝင့် မဟောနိုင်ဘူး။ အရှင်ဘုရား- အရှင်ဘုရား သုတ်တို့၊ဗျည်းတို့၊ သဒ္ဒါတို့ တပည့်တော်တို့ မလိုဘူး၊ အနက်တစ်လုံး ထင်ရင် အကျဉ်းကိုပဲ ဟောဟော၊ အကျယ်ကိုပဲ ဟောဟော အနက်တစ်လုံး ထင်ရင် ကျေနပ်ပြီတဲ့။ အကျဉ်းပဲဟောဟော၊ အကျယ်ပဲဟောဟောတဲ့၊ အဲဒီအခါမှ အရှင်အဿဇိက ဟောတယ်။

ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ၊

တေသဉ္စ ယော နိရောဓော၊ ဧဝံဝါဒီ မဟာသမဏော။(အပ-၁-၂၇)

ရှင်အဿဇိက ဟော။ သူ့ဂါထာ မဆုံးဘူး ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ--- အရှင်ဘုရား ရပ်တော့၊ ရပ်တော့။ မောလိမ့်မယ် တပည့်တော် အကုန်လုံး သိပြီတဲ့။ နာတဲ့ပုဂ္ဂိုလ်က။ ဂါထာ မဆုံးဘူး။ ရပ်နေရတာကွာ။ ဟောတဲ့ ပုဂ္ဂိုလ်က-အားရပါးရ သောတာပန် တည်သွားတာ၊ နှစ်မိနစ်နှစ်မိနစ်။ သိဉ္စည်းဆရာဆီမှာ နေတာ ခြောက်နှစ်ကြာတယ်။ ခြောက်နှစ် တစ်မင်္ဂ တစ်ဖိုလ် မရဘူး။ နှစ်မိနစ်နဲ့ သောတာပန် တည်သွားတာ၊ ဆရာကလည်း မှန်၊ တရားက လည်း မှန်။ ကိုယ်က ဉာဏ်ကလည်း ကောင်းတော့၊ ပွင့်သွားလေတော့တာ ရှင်သာရိပုတ္တရာ အင်မတန် ဉာဏ်ကောင်းတာ၊ ဆရာ မှားတော့ ဘယ်လိုမှမရ။ (ကိုယ့်ကိုကိုယ်) ကိုယ်လုပ်တဲ့ အလုပ်ဟာ မှန်သလား၊ မှားသလား လို့ ဘုန်းကြီး ဟောတာနဲ့ ပြန်ပြီးတော့မှ ထိပေါက်စဉ် တိုက် သလို တိုက်ကြဦး။--နော် ဟုတ်သလား။ မဟုတ်ဘူးလား။ မှန်၊ မမှန် တိုက်ကြဦးဗျား၊ စဉ်းစားဖို့။ အဲလို စိစစ်ဖို့ မကောင်းလား။ တွေ့တဲ့တရားတွေကို ဟောရတာဗျ။ တွေ့တဲ့တရား ဟောရတာ။ အဲလို စိစစ်ဖို့ မကောင်းဘူးလား။ လေ့လာ။ အဲဒါ သဘောပေါက်ဖို့ လိုတယ်။

<u>အဖုံးနှစ်ချပ်ဖွင့်</u>

ဒါမို့ပညတ်- ပရမတ်ပိုင်းခြားဖို့ လိုတယ်။ နိဗ္ဗာန်ကို ပရမတ်က ဖုံးနေတာ။ မမြင်ရဘူး။ နိဗ္ဗာန်ရှိတယ် ပရမတ်က ဖုံးထားတော့။ မမြင်ရဘူး။ ပရမတ်ကို ပညတ်က ဖုံးထားတယ်- ပရမတ်ကို ပညတ်က ဖုံးတာ။ အဲသည့်အဖုံး ဖုံးထားရင် ဥပမာ ဟင်းတွေ ချက်တဲ့အခါ ဖုံးထားမယ်။ အထဲမှာ ဘာတွေ ရှိတယ်လို့ အဖုံး အုပ်ထားရင် မြင်ပါ့မလား- ဖွင့်ကြည့်ရင် မမြင်ရဘူးလား။ အဲဒီလို ဖွင့်ကြည့်ဖို့ လိုတာ၊ ကဲ ပရမတ်ကို ပညတ်က ဖုံးတယ်- နိဗ္ဗာန်ကို ပရမတ်က ဖုံးတယ်။ အဖုံးတွေ ဘယ်လို ဖွင့်မလဲ- ဟင်- ဘယ်လိုဖွင့်မလဲ- ကြားဖူးနားဝ မရှိတော့ မသိပြီ။ စဉ်းစား။ တော်တုန်းက ဖွင့်ပြ လိုက်တာ ၊ စဉ်းစားဖို့ မကောင်းလား- ၊ကဲ - လေ့လာကြ-

အခု ဘုန်းကြီး ပြောတာ ဟောတာ မြင်တာလား၊ ကြားတာလား။ ကြားတယ်ဆိုတာ နား အကြည် မရှိဘူးလား၊ ဒီက ဘုန်းကြီးက အသံနဲ့ မတိုက်လား။ ကြားသိစိတ်လေး မပေါ်လား-၊လူလား။ ကြားသိစိတ်၊ နတ်လား ကြားသိစိတ် ။ပြဟ္မာလား ကြားသိစိတ်။ ကြားသိစိတ်က နာမ်တရား မရလား-၊ သောတအကြည်နှင့်အသံက ရုပ်တရား မရလား။ နာမ်ရုပ်နှစ်ပါး- နာမ်ရုပ်ပဲ တွေ့တယ် နော်၊ လူ တွေ့သလား၊နာမ်ရုပ်တွေ့သလား။ နတ် တွေ့သလား၊ နာမ်ရုပ် တွေ့သလား။၊ ပြဟ္မာ တွေ့သလား၊ နာမ်ရုပ် တွေ့သလား။ နာမ်ရုပ်က ပရမတ်၊ လူက ပညတ်၊ နာမ်ရုပ်က ပရမတ် နတ်က ပညတ်၊ နာမ်ရုပ်က ပရမတ် ပြဟ္မာက ပညတ်။ ဟော ကဲ နာမ်ရုပ်တွေ့တဲ့အခါ လူ တွေ့သေးရဲ့လား၊ နတ်ကား တွေ့ရဲ့လား၊ ပြဟ္မာကား တွေ့ရဲ့လား။ ဘာဖြစ်လို့ မတွေ့တာလဲ။ မရှိရင် ဘယ်လို စွဲမလဲ- အဲဒါကို သက္ကာယဒိဋ္ဌိ ဖြုတ်တယ်လို့ ခေါ်တာ။

အဲဒီ နာမ်ရုပ် နှစ်ပါး အပေါ်မှာ ဉာနူပစာရ အားဖြင့် တင်စားပြီးတော့ လူ အစားစား၊ နတ် အစားစား၊ ပြဟ္မာ အစားစား၊ တိရစ္ဆာန် အစားစား၊ ပြိတ္တာ အသူရကာယ် အစားစား ငရဲ အစားစား လို့ မခေါ်ကြဘူးလား။ အဲဒါ သမုတ်ရှိ အခေါ်ရှိ။ မသမုတ်လည်းရှိ၊ သမုတ်လည်း ရှိက နာမ်ရုပ်ရှိတာ။ ဘယ်ပုံ ရှိတာလဲ အနိစ္စ၊ ဘယ်ပုံ ရှိတာလဲ ဒုက္ခ၊ ဘယ်ပုံရှိတာလဲ အနတ္တ။ အနိစ္စ၊ဒုက္ခ၊ အနတ္တ အနေနဲ့ရှိတာ၊ အဲလို စိစစ်ဖို့ မကောင်းလား။ အဲဒါ ပွားလို့ သိတာ ဟော- ပရမတ် တွေ့ပြီ၊ ပရမတ် တွေ့သွားပြီ။ ပရမတ် တွေ့တော့ ပညတ် မပျောက်ဘူးလား။ လူလား နာမ်နဲ့ရုပ်၊ နတ်လား နာမ်နဲ့ ရုပ်၊ ပြဟ္မာလား နာမ်နဲ့ရုပ်လား။ နာမ်ရုပ်က ပရမတ်၊ လူက ပညတ်၊ နာမ်ရုပ်က ပရမတ်၊ နတ် က ပညတ် ၊နာမ်ရုပ်က ပရမတ် ၊ပြဟ္မာက ပညတ်၊ဟော- နာမ်ရုပ်ပဲ တွေ့တယ်။ အဲဒီအဖုံးကို ဖွင့်ကြည့် လိုက်တာ။ ထင်တာနဲ့ တွေ့တာလေ။

www.thitsarparamisociety.com



ကဲ သမီးလေး အနေနဲ့ သားကလေး အနေနဲ့ ပွေ့ပြီးတော့ နမ်းကြည့်လိုက် ၊သမီး တွေ့ သလား- အနံ့ တွေ့သလား၊ သား တွေ့သလား -အနံ့တွေ့သလား၊ အနံ့ကိုသာ သမီး၊ အနံ့ကိုသာ သား ဆိုရင် အနံ့ဟူသမျှတွေ သမီးလို့ ခေါ်ရမှာ ဒီလိုကား ဖြစ်ပါ့မလား။ သားလို့ ခေါ်ဖြစ်ပါ့မလား၊ အနံ့လို့ နံ့သိတာက ဃာနဝိညာဏ် နာမ်တရား မရလား။ အနံ့က ရုပ်တရား မရလား၊ နာမ်ရုပ်နှစ်ပါး။ သမီးလား- နာမ်နှင့်ရုပ်။ သားလား- နာမ်နှင့်ရုပ်-၊မင်းသမီးလား-နာမ်နှင့်ရုပ်-၊ မင်းသားလား- နာမ်နှင့်ရုပ်-။ နာမ်ရုပ်က ပရမတ်၊ မင်းသမီးက ပညတ်၊ နာမ်ရုပ် က ပရမတ်၊ သားက ပညတ်။ နာမ်ရုပ်က ပရမတ် သမီးက ပညတ်။ နာမ်ရုပ်က ပရမတ် မင်းသားက ပညတ်။ ပညတ်ဆိုတာ ခေါ်တာ ပြောတာ၊ ရှိတာမှ မဟုတ်ဘဲ၊ တွေ့တာက နာမ်ရုပ် တွေ့တယ်နော်။သမီး တွေ့သလား၊ နာမ်ရုပ် တွေ့လား။ ၊သား တွေ့သလား၊ နာမ်ရုပ် တွေ့လား။ ဒါဆို သားတွေ၊ သမီးတွေ ဘာကြောင့် မတွေ့တာလဲ-။ အဲဒါ ယုံကြည်ရင် စွဲစရာ လိုသေးရဲ့လား-။ ကဲ- စွဲရမှာက နာမ်ရုပ်ကို စွဲဖို့ လိုတာ။ နာမ်ရုပ်ကို စွဲဖို့ လိုတယ်။ ရှိတာ စွဲရမှာနော်။

ရုပ်တရားကြီးက ဖောက်ပြန်ပြီးတော့ မပျက်လား။ နာမ်တရားက သိပြီးတော့ မပျက်လား။ ပျက်ရင် နာမ်ရုပ် တွေ့သလား၊ မရှိတာ တွေ့သလား-။ မရှိတာ အနိစ္စ၊ သိတာ မဂ္ဂလို့ မဟောဘူးလား။ ကဲ နာမ်ရုပ်တွေ့သလား မရှိတာ တွေ့သလား။ မရှိတာ အနိစ္စနော်။ သိတာ မဂ္ဂ မဟောဘူးလား။ ကဲ ဖြစ်ပြီးတော့ ပျက်သွားတာ ဘာသစ္စာလဲ။ ဒုက္ခသစ္စာနော်၊ ချမ်းသာ တဲ့ တရားလား၊ ဆင်းရဲတဲ့ တရားလား။ ဆင်းရဲတဲ့တရားလို့ အမှန်သိတဲ့အချိန် လူချမ်းသာ နတ်ချမ်းသာ၊ ပြဟ္မာချမ်းသာ တွေ့ သေးရဲ့လား-၊ တွေ့တာက... လူချမ်းသာလား၊ဒုက္ခသစ္စာ နတ်ချမ်းသာလား၊ဒုက္ခသစ္စာ ပြဟ္မာ ချမ်းသာလား၊ ဒုက္ခသစ္စာ။ သိပယ်လို့ မဟောလား-၊ ဒုက္ခသစ္စာလို့ သိတဲ့အချိန် လူချမ်းသာ ၊ နတ် ချမ်းသာ၊ ပြဟ္မာချမ်းသာလို့ ယူဦးမလား-။ရှိမှ မရှိဘဲနော်။ တွေ့တာကို အမှန် မယူရဘူးလား-။ကဲ ဆင်းရဲတဲ့တရား တွေ့တယ်။ ဆင်းရဲတဲ့ တရား သိတယ်ဆိုကတည်းက တဏှာ လာသေးရဲ့လား၊ ဥပါဒါန် လာသေးရဲ့လား၊ ကံ လာသေးရဲ့လား၊ ပဋိစ္စသမုပ္ပါဒ် သုံးမျိုး မပြတ်လား-၊ နောက်ခန္ဓာ ဇာတ် မသိမ်းလား၊ နိရောဓ သစ္စာ၊ စဉ်းစားဖို့ မကောင်းလား-။

ကဲ နိရောဓဆိုတာ ကိလေသာ မချုပ်ဘူးလား-၊ ခန္ဓာ မချုပ်ဘူးလား။ အဲဒါ နိဗ္ဗာန်လို့ မဟော ဘူးလား-၊ခန္ဓာသာ ရှိရင် နိဗ္ဗာန်မြင်ရပါ့မလား- ခန္ဓာက ပရမတ်၊ နာမ်ရုပ်က ပရမတ်။ အဲဒီ ပရမတ်က ဖုံးနေတော့တာ၊ နိဗ္ဗာန်မမြင်ရတာ ခု နာမ်ရုပ်လည်း မတွေ့၊ခန္ဓာလည်း မတွေ့၊ တွေ့တာက အနိစ္စ လက္ခဏာ ဒုက္ခသစ္စာ၊ ဒုက္ခလက္ခဏာ ဒုက္ခသစ္စာ၊ အနတ္တ လက္ခဏာ ဒုက္ခသစ္စာ သိပြီ-ကဲ သိတယ်ဆို တော့ နလုံးသွင်းမှားတဲ့ အဝိဇ္ဇာ မချုပ်လား၊ လိုချင်တဲ့ တဏှာ လာသေးလား၊ စွဲလန်းတဲ့ ဥပါဒါန်

လာသေးလား-၊ ကဲ ကိလေသဝဋ္ဋ မချုပ်ဘူးလား-၊တရား နာတာ၊ တရား အားထုတ်တာ ကိလေသဝဋ္ဋ ချုပ်ဖို့ အဓိက၊ ကိလေသဝဋ္ဋ ချုပ်ရင် ကမ္မဝဋ္ဋ လာသေးရဲ့လား-၊ကမ္မဝဋ္ဋ မလာရင် ဝိပါကဝဋ္ဋ လာသေးရဲ့လား။ ဝဋ္ဋသုံးပါး ကျွတ်တာ ဘယ်လို ခေါ်မလဲ- နိဗ္ဗာန်။

ကဲ ထိဆဲ ခန္ဓာက ဖြစ်ပျက် ဘာသစ္စာလဲ ။ (ဒုက္ခသစ္စာ ပါဘုရား။) သိတာက ----။(မဂ္ဂသစ္စာ ပါဘုရား။) သေတာက----။ (သမုဒယသစ္စာ ပါဘုရား။) နောက်ခန္ဓာ မလာတာ (နိရောဓသစ္စာ ပါဘုရား။) ပဋိစ္စသမုပ္ပါဒ် အကွက် ဘယ်နှစ်ကွက်ရှိ (လေးကွက် ရှိပါတယ် ဘုရား) တစ်ကွက်လျှင် ဘယ်နှစ်ပါး။ (ငါးပါးပါ ဘုရား) ငါး လေးလီ(နှစ်ဆယ်) ဤရှစ်သွယ်ကို...။ (အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာမှ လွတ်ကြောင်းတည်း။)

သာဓု ......... သာဓု ......... သာဓု။

........................................................................................................................

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ- ဤလောကုတ္တရာ တရား ကိုးပါး အားလျော်သော ကျင့်ဝတ် ပဋိပတ်ဖြင့် ။ဗုဒ္ဓံ- မြတ်စွာဘုရားကို။ ပူဇေမိ၊ ဒုက္ခသစ္စာ သိတဲ့ဉာဏ်ဖြင့် ပူဇော်ပါ၏ အရှင်ဘုရား။

----+ရေစက်ချ။ (ဆရာတော် တပါးတည်း ဆိုသွား။)